## လူထုဗဟိုပြုစီမံကိန်းတတိယနှစ် နှစ်ပတ်လည် ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ
## ဖိတ်ကြားလွှာ

၁၅ စက်တင်ဘာလ၊ ၂၀၁၆၊ နေပြည်တော်။ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုခန်းမ - ၂။

မိတ်ဆွေများခင်ဗျား-

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဦးစီး၍ လူထုအခြေပြုဖွံ့ဖြိုးရေးအမျိုးသားစီမံကိန်း (လူထုဗဟိုပြုစီမံကိန်း)၏ တတိယနှစ် နှစ်ပတ်လည် ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုခန်းမ - ၂၊ နေပြည်တော်ကောင်စီနယ်မြေ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အခမ်းအနား၏ ရည်ရွယ်ချက်မှာ တက်ရောက်လာသူအားလုံး စီမံကိန်းတတိယနှစ်အတွေ့အကြုံများအပေါ် ပြန်လည်သုံးသပ်ရန်နှင့် စီမံကိန်းမြို့နယ်များ တိုးချဲ့သတ်မှတ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

အခမ်းအနားသို့ ဖိတ်ကြားထားသူဦးရေ (ခန့်မှန်း) (၅၇၃) ဦးခန့် တက်ရောက်မည်ဖြစ်ပြီး ကျေးရွာလူထုကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်နှင့် မြို့နယ်အဆင့် စီမံကိန်းဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးရေးမိတ်ဘက်အဖွဲ့အစည်းမှ တာဝန်ရှိသူများ ပါဝင်မည် ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများအနေဖြင့် လူထုကိုဗဟိုပြုသော နည်းလမ်းအသုံးပြု၍ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်တက်လာစေရန်၊ ထိုအခြေခံအဆောက်အုံများကို လက်လှမ်းမီအသုံးချ၍ အကျိုးခံစားခွင့်ရရှိစေရန်နှင့် နိုင်ငံတော်အစိုးရအနေဖြင့် အရေးပေါ်အခြေအနေများတွင် လျင်မြန်စွာတုံ့ပြန်နိုင်စေရန် ရည်ရွယ်ပါသည်။

လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး စီမံကိန်းစက်ဝန်းသုံးခုအတွင်း မြို့နယ် (၂၇) မြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲ (၄၅၀၂) အတွက် ထောက်ပံ့ငွေ ကျပ်သန်းပေါင်း (၃၃၅၇၅.၅၆၅) ခန့် ထောက်ပံ့နိုင်ခဲ့ပြီး အကျိုးခံစားရသူဦးရေ (၂၅၇၂၁၅၂) ခန့် ရှိပါသည်။ အခမ်းအနားတွင် စီမံကိန်းတိုးချဲ့ဆောင်ရွက်ရန်အတွက် အတည်ပြုထားပြီးဖြစ်သည့် ကမ္ဘာ့ဘဏ်မှ ချေးငွေသန်း ၄၀၀ အပါအဝင် အီတလီအစိုးရထံမှ ချေးငွေ ယူရိုသန်း ၂၀ နှင့် ဂျပန်အစိုးရထံမှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၁.၅ သန်းဖြင့် စီမံကိန်းတိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်အစိုးရ၏ ထည့်ဝင်မှုများနှင့်အတူ မြို့နယ် ၆၃ မြို့နယ်အတွင်းရှိ လူဦးရေ ၇ သန်းအတွက် စီမံကိန်းတိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လာမည့်စတုတ္ထနှစ်တွင် မြို့နယ်အသစ် (၂၀) မြို့နယ်တွင် တိုးချဲ့ဆောင်ရွက်မည် ဖြစ်ပါသည်။

လူထုဗဟိုပြုစီမံကိန်း ပိုမိုတိုးတက်ကောင်းမွန်စေရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဤဆွေးနွေးပွဲသို့ တက်ရောက်၍ ကျွန်တော်တို့နှင့်အတူတကွ ပါဝင်ဆွေးနွေးပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ တက်ရောက်ရန် စိတ်ပါဝင်စားသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအနေဖြင့် ကျေးဇူးပြု၍ ၂၀၁၆၊ စက်တင်ဘာလ (၁၀) ရက်နေ့ထက် နောက်မကျဘဲ ဦးနေမျိုးကျော် သို့မဟုတ် ဒေါ်အိစန္ဒာ cdd.drdmyanmar@gmail.comသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အခမ်းအနား နှင့်ပတ်သက်၍ သိရှိလိုပါကလည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖိတ်စာနှင့်အတူ ဆွေးနွေးပွဲအစီအစဉ် (မူကြမ်း) အားပူးတွဲပေးပို့အပ်ပါသည်။

လေးစားစွာဖြင့်

ကျော်စိုး

MEE

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
စီမံကိန်းမန်နေဂျာ၊ လူထုအခြေပြု ဖွံ့ဖြိုးရေးအမျိုးသားစီမံကိန်း (လူထုဗဟိုပြုစီမံကိန်း)

***Invitation to the Third Annual Union Level Multi-Stakeholder Review***

**15 September 2016 | Nay Pyi Taw**

**Myanmar International Convention Center II**

Dear Colleagues,

The Department of Rural Development is pleased to invite you to participate in the third annual union level Multi-Stakeholder Review (MSR) of the National Community Driven Development Project (NCDDP) in Nay Pyi Taw on 15 September 2016. The union level MSR will be held at the Myanmar International Convention Center II, MICC2, Nay Pyi Taw. The objective of the MSR is to provide an open forum for all stakeholders to review experiences from the third project cycle and identify areas for improvement. This event will bring together about 573 participants, including community representatives, township and union level project staff, civil society groups, government officials, and development partners. A draft agenda is attached for your reference.

Implemented by the Department of Rural Development, Ministry of Agriculture, Livestock and Irrigation, the NCDDP aims to enable poor rural communities to benefit from improved access to and use of basic infrastructure and services through a people-centered approach and to enhance the Government's capacity to respond promptly and effectively to an eligible crisis or emergency.

Since its inception in 2013, the NCDDP has financed over 4,502 sub-projects worth 33575.565 million MMK in three community cycles, benefiting some 2,572,152 people in twenty-seven rural townships. At the MSR, the Department of Rural Development will present plans for the NCDDP's expansion, including through an additional IDA credit of US$400 million from the World Bank, a €20 million concessional loan from the Italian Government, and a US$11.5 million grant from the Government of Japan. Together with additional resources from the Government of Myanmar, this financing will enable the project to ultimately reach seven million people across 63 townships, beginning with the addition of 20 new townships in the fourth project cycle later this year.

We hope that you will be able to join us for this important event and contribute to the future success of the project. Kindly confirm your participation to Mr. Nay Myo Kyaw or Ms. Ei Sandar cdd.drdmyanmar@gmail.com by 10 September 2016. You can also contact him or her for general inquiries about the MSR.

We look forward to your participation and a successful event.

Sincerely,

Kyaw Soe
Deputy Director General, Department of Rural Development
Project Director, National Community Driven Development Project